# Secured Transactions-ST Law ပြဋ္ဌာန်းနိုင်ရေး
# Working Group ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပခြင်း

၁။ Secured Transaction-ST Law ပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်းသည့် Working Group ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ နံနက်(၁၀:၀၀) နာရီတွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

၂။ အဆိုပါ အစည်းအဝေးသို့ Working Group ဥက္ကဋ္ဌ ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ ပူးတွဲဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေ၊ International Finance Corporation (IFC) မှ Working Group အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ Working Group အဖွဲ့ဝင်များ နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ပါသည်။

၃။ အစည်းအဝေး၌ Secured Transaction-ST Law ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် International Finance Corporation (IFC) မှ Legal Expert ဦးမင်းနိုင်ဦး၏ တင်ပြဆွေးနွေးချက်များအပေါ် အဖွဲ့ဝင်များမှ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် Working Group အဖွဲ့ဝင်များ ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် ဥပဒေပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ Awareness Meeting ထပ်မံပြုလုပ်ကြရန် ဆွေးနွေးခဲ့ကြပြီးနောက် နံနက် (၁၁:၃၀) နာရီတွင် အစည်းအဝေး ပြီးဆုံးခဲ့ပါသည်။